----- ခုနှစ်　　　　　　　　　　　　နမူနာမေးခွန်း

# တက္ကသိုလ်ဝင်စာမေးပွဲ
# မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**မြန်မာစာ**　　　　　　　　　　　　　　　　　　**ခွင့်ပြုချိန်(၃)နာရီ**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) အောက်ပါတို့အနက် **<u>တစ်ခု</u>** အကြောင်းကို ဖော်ပြပါ။ (၅မှတ်)
မူရင်းအရေးအသား၊ နယ် ပြောင်းလဲပုံ၊ နာမ်ပစ္စည်း(၅)မျိုး ။

(ခ) အောက်ပါတို့မှ **<u>ငါးခု</u>** ကိုရွေးချယ်၍ပုဒ်အထားအသိုမှန်ကန်အောင် ဝါကျပြန်ရေးပါ။ (၁၀မှတ်)
(၁) ကြောင်အိမ်ထဲက အစ်ကိုကြီးအား ငါးကြော်တစ်ကောင် ပေးလိုက်ပါ။
(၂) မလှသည် မနေ့က ပေါင်မုန့်ကို စားသည်။
(၃) မောင်မောင်သည် လေပေါ်က ဇေဒါပင်ကို ခူးသည်။
(၄) ပေ ၂၀၀ ရှည်သော ကလေးများရေကူးရန် ကန်ကိုတူးနေသည်။
(၅) မမသည် အပ်ချည်နှင့် ခရေပွင့်များကို သီသည်။
(၆) အိမ်တွင် ရန်မဖြစ်ရန် အမေကဆုံးမသည်။
(၇) ဒိုင်လူကြီးက ကြမ်းတမ်းစွာကစားသဖြင့် ကျောနံပါတ်၄ကို အနီကတ်ပြလိုက်သည်။

၂။ (က) အောက်ပါဝေါဟာရတို့အနက် **<u>ငါးခု</u>**၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ (၅မှတ်)
စာဂ၊ ကျိုင်း၊ သောက၊ ရက်ချုပ်၊ သရစ်၊ ရယ်ခိုး၊ ပြောက်။

(ခ) အောက်ပါစကားလုံးအတွဲများမှ စာလုံးပေါင်းအမှန်ကို ရွေးချယ်ပါ။ (၅မှတ်)
ပါးလုတ်ကျင်း - ပါးလုပ်ကျင်း၊ စိုပြေ - စိုပြည်၊ ပုရစ်-ပရစ်၊ သိမ်ဖြင်း - သိမ်ဖျင်း၊ ပင်ကိုယ်နာမ် - ပင်ကိုနာမ်။

(ဂ) အောက်ပါတို့အနက်**<u>ငါးခု</u>** ကို အလင်္ကာ **<u>ငါးမျိုး</u>**မှ မည်သည့်အလင်္ကာဖြစ်ကြောင်း (၁၀မှတ်)
ဖော်ပြပါ။ သက်ဆိုင်ရာ သင်ခန်းစာတွင် မည်သို့အသုံးပြုထားသည့်အတွက်
ဤအလင်္ကာမြောက်ကြောင်းကိုလည်း ရှင်းပြပါ။

ခံတွင်းမဲ့သို့၊ မြင်စိုင်းရွှေမြေ၊ ရွှေကွန်ရက်နှင့်တူ၊ ဘဝပါရဂူ၊နောင်နောင်၊ ရတနာချဉ်ပေါင်၊ လည်ချောင်းကိုမြေလှန်။

၃။ (က) အောက်ပါတို့မှ **<u>ငါးခု</u>** ကိုဖြေပါ။ (၅မှတ်)
(၁) "တောင်လေရှူန်းရှူန်း၊ မိုးခတ်အုန်း၊ ကင်ပုန်းပွင့်ချီချယ်" ၏ ဆိုလိုရင်းကို ရေးပါ။
(၂) စစ်မှာတစ်မူ သည် မည်သည့်ကဗျာအမျိုးအစား ဖြစ်သနည်း။
(၃) တပေါင်းညာကျင်ကဗျာ ကို မည်သည့်ကဗျာမှ ထုတ်နုတ်ထားသနည်း။။
(၄) ညည်းချင်းသည်မည်သည့်ကဗျာမျိုး ဖြစ်သနည်း။
(၅) ဒုံးသည် မည်သည့်အသံမှ ပြောင်းလာသနည်း။
(၆) "မုရိုးဖြူ ဆံခွေထုံးမှာ ကုံးပန်လို့ခြားခြား" ၏ဆိုလိုရင်းကိုရေးပါ။
(၇) ကဗျာစာဆို နောင် ၏ အမည်ရင်းကို ဖော်ပြပါ။

(ခ) ရှေးဦးကာလမြူထသောခါကဗျာမှ ထန်းတက်သမားမိသားစုဘဝကိုပေါ်လွင်အောင်ရေးပါ။ (၁၀မှတ်)

**(သို့မဟုတ်)**

ဌာနီပြည်ကြီးကဝေးသနင့် ကဗျာတွင် တစ်ကိုယ်တည်းလွမ်းဆွေးရပုံကိုစာဆိုကမည်သို့သရုပ်ဖော်ရေးဖွဲ့ထားသနည်း။

[တစ်ဖက်သို့

၄။ (က) အောက်ပါတို့မှ **ငါးခု** ကို ဖြေပါ။ (၅မှတ်)

(၁) သိင်္ဃသူ့သမီးသည် မည်သူ၏မြေးဖြစ်သနည်း။
(၂) စီးချင်းတိုက်ပွဲ စကားပြေကို မည်သူ ရေးသနည်း။
(၃) "ငါမအိုသေး" ဟု မိန့်ဆိုခဲ့သူမှာ မည်သူနည်း။
(၄) မိခင့်သောက စကားပြေကို မည်သည့်ဇာတ်တော်မှ ထုတ်နုတ်ထားသနည်း။
(၅) မဟာဆွေသည် ဟာသဝတ္ထုများကို မည်သည့်ကလောင်အမည်ဖြင့် ရေးသနည်း။
(၆) သူရိယကန္တ၏ စာပေဗိမာန်ဆုရ စာအုပ်အမည်ကို ဖော်ပြပါ။
(၇) ပန်းပဲပညာရပ်သည် မည်သို့သော ပညာရပ်ဖြစ်သနည်း။

(ခ) မိဖုရားဖွားစော၏ စိတ်နေသဘောထားကို ပေါ်လွင်အောင်တင်ပြပါ။ (၁၀မှတ်)

**(သို့မဟုတ်)**

နေဝင်မြင်သည် ဝဋ္ဋေပြည် စကားပြေတွင် စာဆိုကမည်သို့သရုပ်ဖော် ရေးဖွဲ့ထားသနည်း။

၅။ (က) စကားစပ်နှင့်တကွ ရှင်းပြပါ။ (၅မှတ်)

" ပေါ့ပေါ့တန်တန်၊ ဟင်းရွက်ကန်စွန်း၊ သရေနွမ်းအောင်၊ တလတွန်းကြံတယ်လို့၊
ဟန်ပန်ရနိုင်ပါ့မလား။"

(ခ) ရေသည်ပြဇာတ်မှ အောက်ပါ **တစ်ခု** ကို ဖြေဆိုပါ။ (၁၀မှတ်)

(၁) ဥဒယမင်းကြီးအား အိမ်ရှေ့မင်းလုပ်ကြံရန် ကြံစည်ပုံ
(၂) ရေသည်ပြဇာတ်တွင် ဇာတ်ကွက်များကို အချိတ်အဆက်မိအောင် ဖန်တီးပုံ

၆။ (က) အောက်ပါတို့အနက် **တစ်ခု**ကို ပေးထားသောအချက်အလက်များနှင့်အညီ စာစီကုံးပါ။ (၁၀မှတ်)

(၁) **ပျော်ရွှင်ဖွယ်ရာ ဖြစ်ရပ်တစ်ခု**
ဖြစ်ရပ်၏ အကြောင်းခံ၊ ဖြစ်ရပ်၏အချိန်၊ ဖြစ်ရပ်နေရာ၊ ဖြစ်ရပ်၏ပျော်ရွှင်ဖွယ်ကောင်းပုံ၊ ဤဖြစ်ရပ်နှင့် ဆက်စပ်သောအတွေးများ။

(၂) **အလိမ္မာ စာမှာရှိ**
ဆိုလိုရင်းအဓိပ္ပာယ်၊ စာဖတ်ခြင်းကြောင့် အသိအလိမ္မာတိုးနိုင်ပုံ၊ စာဖတ်ခြင်း၏အကျိုးစာတွေ့သာဓက၊ စာဖတ်ခြင်း၏အကျိုးကိုယ်တွေ့သာဓက၊ မိမိအတွေးအမြင်။

(ခ) အောက်ပါအဆိုများအနက် **တစ်ခု** ကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ ဆွေးနွေးပါ။ (၁၀မှတ်)

(၁) သီချင်းဆိုခြင်းသည် လူ့စိတ်ကို ကြည်နူးစေသည်။
(၂) အားကစားပွဲများတွင် ဘောလုံးပွဲသည် စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်သည်။